## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## (၁၃)ရက်မြောက်နေ့ အစည်းအဝေး အကျဉ်းချုပ်

## ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

## ( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် )

## [ ကြာသပတေးနေ့ ]

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ချင်းပြည်နယ်၊ မတူပီမြို့မှ လိုင်လင်းပီမြို့သို့ ဆက်သွယ်ထားသော မတူပီ-လိုင်လင်းပီ လမ်းပိုင်းတွင် ဆက်လက်ဖောက်လုပ်ရန် ကျန်ရှိနေသော တန်ကူ - ဆုံဆင်း - တင်နမ်-အာရ (၂၆)မိုင်အား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က တန်ကူမှ စရောင်းဗားချောင်းအထိ (၂)မိုင်အား လမ်းအူကြောင်းပြောင်း၍ လမ်းသစ်ဖောက်လုပ်နိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းဦးစီးဌာန၏ ပြည်နယ်ရန်ပုံငွေတွင် လျာထားပြီး ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကျန်လမ်းပိုင်းအား ဆက်လက်ဖောက်လုပ်ပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် တင်ပြလာပါက ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ တတိယ(၅)နှစ်စီမံကိန်း လျာထားချက်တွင် လုပ်ငန်းဦးစားပေး အစီအစဉ်ဖြင့် အပိုင်းလိုက်လျာထား ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ခ) ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ်ကြား နန်းသလိတ်ချောင်းကူးတံတားအား မြို့နယ်ချင်းဆက်တံတားအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်**

**တွင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က မြေပြင်ကွင်းဆင်းတိုင်းတာချက်အရ အရှည်ပေ(၄၀၀)ခန့် ဆောင်ရွက်ရမည်ဖြစ်သဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နည်းပညာဆိုင်ရာအခြေအနေအရ ပေ(၁၈၀) နှင့်အထက်ကွန်ကရစ်တံတားများကို ဆောင်ရွက်ပေးခြင်းမရှိကြောင်း ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးဇော့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်းလက်ဝကျေးရွာအုပ်စု၊ ဆင်အိုးဝကျေးရွာအုပ်စုနှင့် ပတိန်တလန်ကျေးရွာအုပ်စုတို့ကြား ဖောက်လုပ်ထားသော မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က လတ်တလောတွင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးကြောင်း၊ ဒေသအတွက် အမှန်တကယ်လိုအပ်ပြီး အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း စိစစ်ထောက်ခံတင်ပြလာပါက ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် နီးစပ်ရာဘဏ္ဍာရေးနှစ်များတွင် လမ်းအပိုင်းလိုက်ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အရ ရှင်းလင်းဖြေကြားသည်။

(ဃ) ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်ရှိ ကျေးရွာများအတွက် သဖန်းဆိပ် (ကင်းတားဆည်)မှ လွှတ်ပေးသော လက်ျာတူးမြောင်းကြီးသည် (၁၄)နှစ်ကြာသည်အထိ မြောင်းရေမလာသောကြောင့် မည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က သတ်မှတ်ထားသည့် ရေလုပ်ဇယားအတိုင်းတိကျစွာလိုက်နာပြီး ညီညွတ်မျှတစွာဖြင့် စိုက်ပျိုးရေရယူစေရန်၊ တောင်သူများအနေဖြင့် ကွက်ဆင့်သောက်စနစ်ဖြင့် ရေယူခြင်းမပြုဘဲ လယ်ကြားမြောင်းများ ဖောက်လုပ်၍ စနစ်တကျ စိုက်ပျိုးရေရယူစေရန် စည်းရုံးဆွေးနွေးပြီး အထူးအလေးထား စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကင်းတပ်လက်ယာ မြောင်းမကြီးနှင့် အရာတော်တိုးချဲ့မြောင်း အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဂျပန် ODA ချေးငွေဖြင့်ဆောင်ရွက်မည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ထည့်သွင်းလျာထားပြီးဖြစ်၍ နှစ်အလိုက် လုပ်ငန်းများစီမံဆောင်ရွက်ပေးသွားမည်ဖြစ်

ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဖြေကြားချက်နှင့်အတူ ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသည်။

(င) ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ခါမ်းပါတ်မြို့၊ အမှတ်(၁)ရပ်ကွက်အတွက် စိမ့်စမ်းရေသွယ်ယူပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က မြို့ရေပေးရေးလုပ်ငန်းဖြစ်သည့်အတွက် တည်ဆောက်ရေးလုပ်ငန်း ကုန်ကျစရိတ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေများမှ ကျခံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် ဖြစ်နိုင်ချေ ရှိ/မရှိ (Feasibility Survey)တိုင်းတာခြင်း၊ နည်းပညာအကူအညီပေးခြင်းများကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် လျာထားနိုင်ခြင်းမရှိခဲ့ပါသဖြင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေတင်ပြတောင်းခံ၍ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(စ) ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနတို့မှ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော တမံကြီးများကို အန္တရာယ်ကင်း လုံခြုံစိတ်ချရစေရေး မည်ကဲ့သို့ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နေသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က ဌာနမှသတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးအလေးထားပြီး စီမံဆောင်ရွက်လျက်ရှိသည့်အပြင် ရေလှောင်တမံများ ကြံ့ခိုင်မှုအခြေအနေကို ထိခိုက်စေနိုင်သောအကြောင်းအရာများ၊ အားနည်းချက်များကို လေ့လာဖော်ထုတ်ပြီး ရေတိုရေရှည် လုပ်ငန်းစဉ်များ ပိုင်းခြားသတ်မှတ်၍ လျာထားစီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေးဆွဲဆောင်ရွက်ထားသည့် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်လုပ်ငန်းစဉ်များအတိုင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများနှင့်အတူ ပေါင်းစပ်ညှိနှိုင်း၍ ကြိုတင်စီမံဆောင်ရွက်ထားရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသည်။

**ဥပဒေကြမ်း ဆွေးနွေးခြင်း**

၃။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ဆွေးနွေးသည်။

**အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ အတည်ပြုခြင်း၊ အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းနှင့် အဆုံးအဖြတ် ရယူခြင်း**

၄။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး (ဥပဒေကြမ်းကော်မတီဝင်)က သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းပြီး ဥက္ကဋ္ဌ က ယင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော်က အတည်ပြုသည်။

၅။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး က အဆိုပါ ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံပြီး ဥက္ကဋ္ဌ က ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော်က အတည်ပြုသည်။

**အဆို ဆွေးနွေးခြင်း**

၆။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း ၏ **ရေးအစဉ်အဆက် အသုံးပြုခဲ့သော ကျေးလက်နေ ပြည်သူများထိန်းသိမ်းသည့် မိုးရေကန်များ၊ သောက်သုံးရေကန်များ၊ ဆည်ငယ်/တမံငယ်များကို ရေချိုမိုးရေ စုဆောင်းသိုလှောင်ရန်၊ သောက်သုံးရေရရှိရန်၊ မြေအောက်ရေ ဖြည့်ဆည်းရန်၊ လုပ်ကွက်ငယ် တောင်သူများ စိုက်ပျိုးရေရရှိရန်၊ သဘာဝဂေဟစနစ် မပျက်ရန် အတွက် ကန်တူးပေးခြင်း၊ ကန်ပေါင်ဆယ်ပေးခြင်း၊ ကန်ငယ်၊ ဆည်ငယ်၊ တမံငယ်များကို ပြုပြင် ထိန်းသိမ်းရန်နှင့် အသစ်တိုးချဲ့ တည်ဆောက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၇)ဦးက ဆွေးနွေးသည်။

၇။ အစည်းအဝေးကို ၁၂:၄၁ နာရီ အချိန်တွင် ရပ်နားပြီး (၁၄)ရက်မြောက်နေ့ အစည်းအဝေးကို ၂၇-၈-၂၀၁၉ ရက်နေ့ (အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**